
# မြသန်းတင့်

(မြန်မာပြန်)

# ရိုးအဆုံး မြေအဆုံး



JAMILA

by Chicgiz Aitmatov

# တိုးမြစ်၏ မှတ်ချက်

ဤ မိုးအဆုံးမြေအဆုံး ဝတ္ထုကို ဆရာမြသန်းတင့်သည် ဒီဇင်ဘာ ၁၉၈၅ နှင့် ဇန်နဝါရီ ၁၉၈၆ ခုနှစ်ထုတ် စာပေလုပ်သားမဂ္ဂဇင်းတွင် နှစ်လတိုင် အခန်းဆက် ဖော်ပြခဲ့သည် ။ ယင်းကို တစ်ပေါင်း တည်းပြု၍ ၂၀၀၂ ခုနှစ်တွင် မာတာစာအုပ်တိုက်မှ လုံးချင်းအဖြစ် ပထမအကြိမ် ထုတ်ဝေခဲ့သည် ။ ယခု တိုးမြစ်က ဒုတိယအကြိမ် ထုတ်ဝေခဲ့ခြင်း ဖြစ်သည် ။

ဝတ္ထု၏ မူရင်းအမည်မှာ Jamila ဖြစ်၍ ရေးသူမှာ ကာဂျစ်လူမျိုး စာရေးဆရာ Chingiz Aitmatov ဖြစ်သည် ။ သူ့ကို ၁၂၊ ဒီဇင်ဘာ ၁၉၂၈ ခုနှစ်တွင် ကာဂျစ္စတန်နိုင်ငံ၊ ရှီကာရွာတွင် မွေးဖွားခဲ့သည် ။ မိခင်မှာ တာတာမျိုးနွယ်စုမှ ဖြစ်သည် ။ ယခု Jamila ဝတ္ထုကို ၁၉၅၈ တွင် ရေးသား ထုတ်ဝေခဲ့သည် ။

သူ၏ ဝတ္ထုများ အနက် ထင်ရှားသော ဝတ္ထုများမှာ The First Teacher (1962)၊ Farewell Gulsary(1966)၊ The White Ship (1970) The Dreams of a Shewolf (1990) The Mark of Cassandra (1995) တို့ ဖြစ်သည် ။ ၂၀၀၈ ခုနှစ် စာပေဆိုင်ရာ နိုဗယ်လ်ဆုအတွက် လျာထား စာရင်း ဝင်ခဲ့သည် ။ ၁၀၊ ဇွန် ၂၀၀၈ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ ကွယ်လွန်ခဲ့သည် ။

Chingiz Aitmatov ၏ ဝတ္ထုအများ စုကို ဘာသာစကား ၁၅၀ နီးပါးဖြင့် ဘာသာပြန်ဆို ထားပြီး အချို့ကိုလည်း ရုပ်ရှင်အဖြစ် ရိုက်ကူး

တင်ဆက်ခဲ့ကြသည် ။ သူ၏ ဝတ္ထုများ အနက် ယခု Jamila ဝတ္ထုကို ဆရာမြသန်းတင့်က မိုးအဆုံးမြေအဆုံး အမည်ဖြင့် လည်းကောင်း၊ Mother Earth ကိုဆရာခင်မြင့်အောင်က စစ်နှင့် မျက်ရည် အမည်ဖြင့် လည်းကောင်း မြန်မာဘာသာသို့ ပြန်ဆိုရေး သားခဲ့ကြသည် ။

၂၀၊ မတ်၊ ၂၀၁၇။

**တိုးမြစ်စာအုပ်တိုက်၊ ရန်ကုန်။**

* * *